**BLOOD MONEY** campaign

**မတ်လ ၂၃ရက်၊ ၂၀၂၂ခုနှစ် - ထုတ်ပြန်ချက်**

မြန်မာစစ်တပ်သည် ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်ဟု ဆုံးဖြတ်ခဲ့ကြောင်း အမေရိကန် အစိုးရက မတ်လ ၂၁ရက်နေ့တွင် အတည်ပြု ကြေညာခဲ့ပါ သည်။ (Announcement)

**ယခုကဲ့သို့ အရေးကြီးသော ကြေညာချက်အပြီး၌လည်း ရိုဟင်ဂျာများအတွက် အသွင်ကူးပြောင်းရေး ဆိုင်ရာ တရားမျှတမှု ရရှိစေရန် Blood Money Campaign (သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု) အင်အားစုက အမေရိကန် အစိုးရသို့ တောင်းဆိုပါသည်။**

Chevron (ချဲဗ်ရွန်) - အမေရိကန် ကော်ပိုရေးရှင်း အပါအဝင် သဘာဝဓာတ်ငွေ့ ပရောဂျက်များမှ ဒေါ်လာသန်းရာနှင့်ချီ သော ရေနံငွေများသည် လူမျိုးတုံး သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု များကို ကျူးလွန်နေသော စစ်အုပ်စုထံသို့ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ ကတည်းက လက်ရှိအချိန်ထိ ပံ့ပိုး ထောက်ပံ့ နေဆဲ ဖြစ်ပါသည်။

**အမေရိကန် ဒေါ်လာဖြင့် ပေးချေရသော ရေနံ သွေးစွန်းငွေများ ဖြတ်တောက်ရန် MOGE အပေါ် ဒဏ်ခတ် ပိတ်ဆို့ အရေးယူမှု အမြန်ဆုံး ပြုလုပ်စေရန် အမေရိကန်အစိုးရအား ကျွန်ုပ်တို့ တိုက်တွန်း တောင်းဆိုလိုက်သည်။** ရာဇဝတ်မှု၊ လူမျိုးတုန်း သတ်ဖြတ်မှုများ ကျူးလွန်ထားသော စစ်အာဏာရှင် အုပ်စုသည် လေကြောင်း တိုက်ခိုက်မှုများအတွက် လက်နက်များ၊ တိုက်လေယာဉ်များနှင့် ဗုံးများကို ရေနံ သွေးစွန်းငွေများဖြင့် ဝယ်ယူ အသုံးပြုနေသည်။

**လူမျိုးတုန်း သတ်ဖြတ်မှု ကျူးလွန်ထားသူများနှင့် လုပ်ငန်းများ လုပ်ဆောင်နေခြင်းကို ရပ်တန့်ရန် နိုင်ငံတကာ ကုမ္ပဏီ ကော်ပိုရေးရှင်းများ အားလုံးကို ကျွန်ုပ်တို့ တိုက်တွန်း တောင်းဆိုသည်။**

**မတ်လ ၂၃ရက်၊ ၂၀၂၂ခုနှစ် - ထုတ်ပြန်ချက်**

ချဲဗ်ရွန်၊ တိုတယ် အင်နာဂျီ နှင့် ပေါစကို ကဲ့သို့ ကုမ္ပဏီများ ထွက်ခွာသွားရန် မလိုအပ်ပါ။ သို့သော်လည်း **ထိုကုမ္ပဏီများသည် အာဏာလု စစ်အုပ်စုကို တရားဝင် အစိုးရသဖွယ် ဆက်ဆံ နေခြင်းများကို လုံးဝ ရပ်တန့်ရမည် ဖြစ်သည်။** ထိုကုမ္ပဏီများသည် ရေနံ ဝင်ငွေ လွဲပြောင်းမှုများ တရားမဝင် စစ်အုပ်စုထံသို့ မရောက်ရှိရန် လမ်းကြောင်းပြောင်း ရွေးချယ်နိုင်ခြင်း ကို လျစ်လျူရှုထားသည်။ ထိုကုမ္ပဏီ အားလုံးသည် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ငွေကြေး ထောက်ပံ့ရန် ရွေးချယ်ထားကြသည်။ (ကြည့်ပါ - https://earthrights.org/publication/briefer-how-totalenergies-and-chevron-can-divest-responsibly-from-myanmar/)

